# နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ အခမ်းအနား ကျင်းပခြင်း [1]

Posted on 04 July 2019

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသဘောတရားများနှင့် Survey Form ဖြည့်နည်း တို့ကို နားလည်သဘော ပေါက်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့၏ နည်းပညာအထောက်အပံ့ဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၌ စတင် ကျင်းပခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့် က အဖွင့်အမှာစကား ပြောကြား ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂ရက်နေ့မှ ၄ ရက်နေ့အထိ (၃)ရက် ကြာကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲ ပထမနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက် နေသည့် ကုမ္ပဏီမှ အထွေထွေမန်နေဂျာများ၊ Financial Controller များ၊ Chief Accountants များနှင့် Accountants များ ပါဝင်သည့် ကိုယ်စားလှယ် (၄၁)ဦး တက်ရောက် ခဲ့ကြပါသည်။ ယခုနှစ် Survey တွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအားလုံး ပါဝင်ခဲ့ပြီးအထွေထွေ ရင်းနှီးမြှုပ်နှံရေး လုပ်ငန်းများ၊ နိုင်ငံခြားဘဏ်များ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ နှင့် လျှပ်စစ်ကဏ္ဍတို့ ပါဝင်ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative